# ပသီအရှေ့ကျေးရွာ

# တွံတေးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပသီအရှေ့ကျေးရွာ၊ တွံတေးမြို့

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပသီအရှေ့ကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်** | ၅ |
| | **အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | **အပိုင်း (ခ)  စီမံချက်ဆိုင်ရာ အချက်အလက်** | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၄ |
| | စီမံချက် အဆိုပြုလွှာ (၂) | ၁၆ |
| | စီမံချက် အဆိုပြုလွှာ (၃) | ၁၈ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၂၀ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၁ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏လူထုအများစုပေါင်းပါဝင် ရေးဆွဲထား သည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။

**စက်တင်ဘာ၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ပသီအရှေ့ကျေးရွာ**

**တွံတေးမြို့နယ်**

ပသီအရှေ့ကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပသီအရှေ့ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ် ၏ ပသီကျေးရွာ အုပ်စုတွင်ပါဝင်ပြီး တွံတေးတူးမြောင်းဘေးတွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တွံတေးတူးမြောင်းနှင့်ငွေပန်းစုကျေးရွာ၊ အနောက်ဘက်တွင် ငါးကန်များနှင့်တွံတေးဂကျေးရွာအုပ်စု၊ မြောက် ဘက်တွင် ပေါင်စိန်ချောင်းနှင့်ပေါင်စိန်ကျေးရွာနှင့် တောင်ဘက် ပသီချောင်းနှင့် ပသီအနောက် ကျေးရွာ စသည် တို့ဖြင့် ဆက်စပ် လျှက် တည်ရှိနေပါသည်။ ကျေးရွာတွင် ကရင်နှင့်ဗမာတိုင်းရင်းသားများ နေထိုင် ကြပါသည်။ ကျေးရွာ သည် တွံတေးတူးမြောင်းဘေး နှင့်ပသီချောင်းဘေးတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း ဖြစ်ပြီး၊ ပို့ဆောင်ရေး၊ စျေးရောင်းနှင့်ကျပန်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာသည် တွံတေးတူးမြောင်းဘေးတွင် တည်ရှိပြီး တွံတေးမြို့နှင့်အလှမ်းမဝေးလှသော်လည်း ရေလမ်းတစ်ခု သာ အားထားနေရသည့်အတွက် စီးပွားရေး အဆင်ပြေမှု အားနည်းပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လယ်မြေနှင့်ဥယျာဉ်ခြံမြေအသင့်အတင့်ရှိကြပြီး ရေနက်ပိုင်းဒေသဖြစ်ကာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်းရေနက်ပိုင်းဖြစ်သည့်အတွက်မွေးမြူရေးကန်များသာများပြီး၊ ဥယျာဉ်ခြံမြေများတွင်ငှက်ပျောနှင့်သရက်သီး စိုက်ပျိုးပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးရေရနိုင်သည့် အဓိက ပင်ရင်း ဖြစ်သည့် တွံတေးတူးမြောင်းရှိသည့်အတွက် စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ကိုင်သူများမှာ ချောင်းရေဖြင့် လည်ပတ်နိုင်ပြီး ကျေးရွာရှိ မြေနေရာများတွင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းအားလုပ်ကိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၂ဝဦး)၊ ရပ်မိရပ်ဖအဖွဲ့ (ကျား - ၅၊မ-၂=၇ဦး) ၊ အမျိုးသမီးအဖွဲ့ (မ-၁၅ဦး)၊ ဖွံ့ဖြိုးရေးအဖွဲ့ (ကျား-၅/မ-၄=၉ဦး)၊ ဝတ်ပြုအဖွဲ့ (မ -၅ဝဦး)၊ လူငယ်အဖွဲ့ (ကျား-၃ဝ/မ -၂၅=၅၅ဦး)၊ တို့မှကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး နာရေး၊ လူမှုဖွံ့ဖြိုး ရေး လုပ်ငန်း များတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးအဖွဲ့ သီးသန့် မရှိသော် လည်း ကျေးရွာရှိ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများအား ပူးပေါင်းပါဝင် ဆောင်ရွက်လျှက် ရှိပါ သည်။ ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမ များနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက် လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ပသီအရှေ့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများအနေဖြင့် သမနှင့် ကိုရီးယား၊ ပက်စ်မြန်မာ အဖွဲ့ (၃)ဖွဲ့သာ ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ပသီအရှေ့ကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၇)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၇)အိမ်ထောင်စု၊ ၅ ဧကမှ၁၂.၅ ဧကကြား တောင်သူလတ် (၃) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ငှက်ပျောနှင့်သရက်သီးကို အားထား စိုက်ပျိုး ကြပါသည်။ မြေယာမဲ့အိမ်ထောင်စု(၁၃၅)စုရှိပြီး အနည်းစုသည် မွေးမြူရေး၊ကျပန်း၊ ပို့ဆောင်ရေးနှင့်ဈေးရောင်း လုပ်ငန်း များတွင် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ ချောင်းရေနှင့်မိုးရေကိုသာ အဓိကအားထား စိုက်ပျိုး လုပ်ကိုင်ကြပြီး ကျေးရွာသည်မြေနိမ့်ပိုင်းဖြစ်သည့်အတွက် မိုးရာသီတွင် စိုက်ပျိုးသာ မရနိုင်ဘဲ ကန်ဘောင်ပေါ်များတွင်စိုက်ပျိုးရပါသည်။ စပါးအထွက်နှုန်းမှာတစ်ဧကပျမ်းမျှ(၇၀)တင်းရှိပါသည်။ ကျေးရွာအတွင်းတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက်(၂)ခု၊ ရေစုပ်စက်(၂၇)ခု ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊အော်ဂဲနစ်မြေဩဇာနှင့်သွင်းအားစုများ၊ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့် အလှမ်းမဝေးသဖြင့်လွယ်ကူစွာဝယ်ယူ၍ ရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများ မှတဆင့်ရောင်းချနိုင်ကြပါသည်။ လမ်းစရိတ်၊ ကုန်ဈေးနှုန်းနှင့် ဈေးကွက်ကြောင့် အဆင်ပြေသောအိမ်ထောင်စု နည်းပါးပါသည်။

ငှက်ပျောနှင့်သရက်သီးစိုက်ပျိုးရာတွင် ဖျက်ပိုး အနည်းငယ် ကျရောက်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်ထောင်စု(၄၇)အိမ်မှဝက်(၁၅၂)ကောင်အားတစ်ပိုင်တစ်နိုင်သာမွေးမြူပြီး၊ငါးမွေးမြူရေးလုပ်ငန်းအားအိမ်ထောင်စု(၂၂)စုမှ(၉၇)ဧက၊ ပုဇွန်မွေးမြူရေးအားအိမ်ထောင်စု(၁၂)စုမှ(၁၃.၇)ဧကနှင့် ကမ်းလွန်ငါးဖမ်းလုပ်ငန်းအား အိမ်ထောင်စု(၁၅)စု စသည်ဖြင့်မွေးမြူရေးလုပ်ငန်းအား အဓိကလုပ်ကိုင်နေကြပါသည်။

ဝက်မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီး ဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါကမွေးမြူရေး နည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိ အိမ်ထောင်စုများသည် ကျပန်း၊ပို့ဆောင်ရေးနှင့်ဈေးအရောင်းအဝယ် လုပ်ငန်းစသည့်ဖြင့် အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူ

ရေးမဟုတ်သောအသက်မွေးမှုလုပ်ကိုင်နေကြသောမိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သောအတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်း၊ ငါးကန်များသာရှိခြင်းနှင့်ရပ်ရွာတွင်အလုပ်အကိုင် မရှိခြင်း၊ တွံတေးမြို့သို့ရေလမ်းဖြင့် သာသွားရခြင်းစသည်တို့ကြောင့် အခြားအရပ်ဒေသများတွင် သွားရောက်လုပ်ကိုင်ကြကြောင်း တွေ့ရှိပါသည်။ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့်စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အသက်မွေးမှု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အစုအဖွဲ့ ချေးငွေများ ရရှိသော်လည်း အရင်းအနှီး နည်းသဖြင့် စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများ ရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ် သာရှိပါသည်။ ကျေးရွာတွင် လှေ(၄၇)စီး၊ စက်လှေ(၆၂)စီး၊ စက်ဘီး (၂၂) စီး၊ မော်တော်ဆိုင်ကယ် (၅) စီး စသည်ဖြင့် ရေလမ်း၊ကုန်းလမ်း သယ်ယူပို့ဆောင်ရေး ကဏ္ဍ အတွက် အသုံးပြု နေကြပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်းနှင့်မြေသားလမ်းများရှိပါသည်။ ကျေးရွာတွင်း လမ်းမှာ ကွန်ကရစ်လမ်းနှင့်မြေသားလမ်းဖြစ်ပြီး ပျက်စီးနေကာ၊ ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ မြေနိမ့်ပိုင်းဖြစ်သည့်အတွက်မိုးတွင်းကာလများတွင်လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များ ဖြစ်ကာ သွားလာရ အဆင် မပြေမှုများ ရှိနေပါသည်။

ပသီအရှေ့ကျေးရွာတွင်ကွန်ကရစ်တံတား(၁)စင်း၊သစ်သားတံတား(၃)စင်းနှင့်ဝါးတံတား(၆)စင်းရှိပါသည်။ရွာတွင်းဝါးတံတားများမှာအန္တရာယ်အလွန်များပါသည်။ကျေးရွာချင်းဆက် လမ်းမကြီးပေါ်ရှိ တံတားများမှာ မော်တော်ဆိုင်ကယ်ယာဉ်များ ဖြတ်သန်းနေကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိခြင်းမရှိသေးသော်လည်း ရွာထိပ်သို့ပင်မဓါတ်အား ထုတ်လွှတ်မယ့်ဓါတ်တိုင် ရောက်ရှိနေပြီဖြစ်ပါသည်။ ဆိုလာစနစ်၊ အခြားနည်းစနစ်များ ဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများဖြစ်ကြပြီး တစ်ရွာလုံးလျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေးပါ။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပသီအရှေ့ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကိုဖုန်း (၁၈၃) လုံး၊ ရေဒီယို (၄၄) လုံး၊ တီဗွီ (၉၇) လုံး နှင့် စလောင်း(၁)လုံးတို့မှ ရရှိ သဖြင့် ကျေးရွာတွင်း ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲ များ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကျေးရွာပိုင် အခြေခံပညာမူလွန်ကျောင်းတွင် ကလေးများပညာသင်ကြားနိုင်ပြီး အထက်တန်း အဆင့်များကို ရွာနီးစပ်ဖြစ်သော ချောင်းမကြီးကျေးရွာနှင့်၁၉မိုင်တာကုန်းကျေးရွာတို့တွင် ဆက်လက်ပညာသင်ယူနိုင်ကြပါသည်။ မူလွန်ကျောင်းတွင် ကျောင်းဆောင်(၃)ခုသာ ပါရှိပြီး ကျောင်းသား / ကျောင်းသူများ ပညာသင်ကြားနေသည့်အတွက် ကျောင်းဆောင်များမှာ မိုးတွင်းကာလတွင် ရေမြုပ်ခြင်း၊ မိုးရေယိုခြင်းများဖြစ်သည့်အတွက် ကျောင်းဆောင်များပြုပြင်ရန်လိုအပ်ခြင်းနှင့်ကျောင်းဆောင်သစ် တစ်ဆောင် လိုအပ်နေပါသည်။ ထို့ပြင် ကျောင်းသုံး သင်ထောက်ကူပစ္စည်းများ လည်း လုံလောက်မှု မရှိပါ။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့် ဆရာ၊ဆရာမ (၉) ဦး ရှိသည့်အတွက် သင်ကြားရေးအပိုင်းတွင် အခက်အခဲမရှိပါ။ ကျေးရွာတွင် စာမတတ်သည့် လူဦး ရေ မှာ (၁.၀၂%)၊ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦး ရေမှာ (၅၀.၈၉%) အထိများပြားခြင်း ၊ အလယ်တန်းအဆင့် စာတတ်မြောက် သူများမှာ (၂၉.၂၁%) ၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၅.၁၈%) နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၃.၇၀%) ရှိခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ် ကောင်း များ ဖြစ်ကြ ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာ၏ဘေးချင်းကပ်ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသည့်အတွက် လိုအပ်သည့် ကာကွယ်ဆေး များအား နှစ်စဉ် နှစ်တိုင်း ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေး သူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံ ပေးခဲ့ ပါသည်။ ကျေးလက်ကျန်းမာရေးဌာနနှင့်(၁)မိုင်ခန့်သာကွာဝေးသည့်အတွက် အရေးပေါ် အခြေ အနေတွင် အလွယ်တကူ သွားလာနိုင်သလို၊ တွံတေးမြို့နယ်ဆေးရုံသို့လည်း ရေလမ်းမှတဆင့် ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို ချောင်းရေ၊မိုးရေနှင့်ကန်ရေများဖြင့်သာ အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာတွင် နွေ၊ မိုးနှင့် ဆောင်းရာသီတွင် ရေလုံလောက်မှုရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အိမ်ထောင်စု အများစုမှ အသုံးပြုကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ပသီအရှေ့ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊ပို့ဆောင်ရေး၊ကျပန်းနှင့် ဈေးအရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စု အများစုရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ် ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက တစ်ရွာလုံးရှိ အိမ်ထောင်စုများသည် တခြားရွာများ ထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ပသီအရှေ့ကျေးရွာတွင် သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝ တိရစ္ဆာန် မျိုးစိတ် များ အနည်းငယ်ရှိပါသည်။မိုးရာသီတွင်အသေးစားများဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ် သော ရောဂါ များ ဖြစ်ပွားမှု အနည်းငယ် ရှိပါ သည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပသီအရှေ့ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင်အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက် နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ အတွက် ဥပဒေလမ်းကြောင်းနှင့်တရားမျှတမှုဆိုင်ရာ များတွင် ကျေးရွာမှ အသိပညာများ သိရှိမှု ရှိကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည်-ပသီ | | | ကျေးရွာအမည်-ပသီအရှေ့ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | ဆိုလိုချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ် | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းရန်။ | |
| ၂ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | ကျောင်းစာကြည့်တိုက်ဆောက်လုပ်ရန်။ | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းတံတားများတည်ဆောက်ရန်။ | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ | ကျောင်းဆောင်အသစ်ဆောက်လုပ်ရန်။ | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းလမ်းသွယ်များကွန်ကရစ်ခင်းရန်။ | |
| ၆ | ပညာရေး | သင်ထောက်ကူ | သင်ထောက်ကူမလုံလောက်ခြင်း။ | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ | KG ကျောင်းဆောင်အသစ်ဆောက်လုပ်ရန်။ | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

# အပိုင်း (၁)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

| | |
|---|---|
| ကျေးရွာ - ပသီအရှေ့ကျေးရွာ<br>ကျေးရွာအုပ်စု - ပသီကျေးရွာအုပ်စု<br>မြို့နယ် - တွံတေးမြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး | |
| **စီမံချက်အမည်** – ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းရန်။ | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ပသီအရှေ့ကျေးရွာ၊ ရွာတွင်းလမ်းများသည် ယခုလက်ရှိတွင် မြေသားလမ်းဖြစ်ပြီး ပျက်စီးနေပါသည်။<br>• ကွန်ကရစ်လမ်းနိမ့်သည့်အတွက်ရေဝပ်ကာ မိုးတွင်းကာလတွင် စက်ဘီး၊ ဆိုင်ကယ်များ မကြာခဏ မှောက်နေပါသည်။<br>• ကျေးရွာ ၏လမ်း မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။<br>• ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။<br>• ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။<br>• ကျောင်းသား၊ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။<br>• လမ်းကောင်းမွန်လာသောကြောင့် မီးသတ်ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပြီး မီးဘေးအန္တရာယ် လျော့ချနိုင်ပါမည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• ပသီအရှေ့ကျေးရွာ၊ ရွာတွင်လမ်းသည် (အရှည်–၅၂၈၀ပေ၊ အကျယ်–၄ပေ၊ ထု–၆လက်မ) ရှိပါသည်။ | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• __________ (ငွေသား)<br>• __________ (ပစ္စည်း/လုပ်အား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၂၄ | ၄၃၇ | ၈၆၁ | ၁၀ | ၆၇ | ၆၀ | ၃၀ | ၁၆၇ |

| အကျိုးခံစားမည့်သူ ဦးရေ | ၄၂၄ | ၄၃၇ | ၈၆၁ | ၁၀ | ၆၇ | ၆၀ | ၃၀ | ၁၆၇ |
|---|---|---|---|---|---|---|---|---|
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။
- ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ထားရှိပါမည်။
- စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)**

ကျေးရွာ - ပသီအရှေ့ကျေးရွာ
ကျေးရွာအုပ်စု - ပသီကျေးရွာအုပ်စု
မြို့နယ် - တွံတေးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး

**စီမံချက်အမည်** – ကျောင်းစာကြည့်တိုက်ဆောက်လုပ်ရန်။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ပသီအရှေ့ကျေးရွာ၊ စာသင်ကျောင်းတွင် ကျောင်းစာကြည့်တိုက် လိုအပ်လျှက်ရှိပါသည်။
- ကျောင်းသားများ အသိပညာ၊ဗဟုသုတနည်းပါးမှုကြောင့် အသိအမြင် ကောင်းမှုမရှိပါ။
- ကျောင်းစာကြည့်တိုက်မရှိသည့်အတွက် ကျောင်းသားများ အချိန်များအလကားကုန်လွန်စေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- စာဖတ်အားကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ကျောင်းသား၊ကျောင်းသူများ အန္တရာယ်ကင်းစွာ ဘဝကိုဖြတ်သန်းနိုင်ပါမည်။
- အသိပညာများရရှိလာသည့်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျောင်းစာကြည့်တိုက်ဆောက်လုပ်ရန်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၂၄ | ၄၃၇ | ၈၆၁ | ၁၀ | ၆၇ | ၆၀ | ၃၀ | ၁၆၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၂၄ | ၄၃၇ | ၈၆၁ | ၁၀ | ၆၇ | ၆၀ | ၃၀ | ၁၆၇ |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ပညာရေးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျောင်းစာကြည့်တိုက်ဆောက်လုပ်ရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• အဆောက်အဦနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက် များ ထားရှိပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာန၊ပညာရေးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)**

| | |
|---|---|
| ကျေးရွာ - ပသီအရှေ့ကျေးရွာ<br>ကျေးရွာအုပ်စု - ပသီကျေးရွာအုပ်စု<br>မြို့နယ် - တွံတေးမြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး | |
| **စီမံချက်အမည်** – ကျေးရွာတွင်းဝါးတံတားများဆောက်လုပ်ရန်။ | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ပသီအရှေ့ကျေးရွာ၊ ရွာတွင်းဝါးတံတားများသည် ယခုလက်ရှိတွင် မြေသားလမ်းဖြစ်ပြီး ပျက်စီးနေပါသည်။<br>• ဝါးတံတားများဖြစ်သည့်အတွက် မိုးတွင်းကာလတွင် ရွာသူရွာသားများ၊ စက်ဘီးများ မကြာခဏ ပြုတ်ကျ၊ မှောက်နေပါသည်။<br>• ကျေးရွာ ၏ တံတား မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။<br>• ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။<br>• ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်တတ်လာစေရန်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• တံတားကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။<br>• ကျောင်းသား၊ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။<br>• တံတားကောင်းမွန်လာသောကြောင့် ကျောင်းသားကျောင်းသူများအလွယ်တကူသွားလာနိုင်ပြီး ပညာရေး တိုးတက်နိုင်ပါမည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• ပသီအရှေ့ကျေးရွာ၊ ရွာတွင်းတံတားသည် (၄)စင်း ဆောက်လုပ်ရန်။ | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| **ကျေးရွာအဆင့်** | ၄၂၄ | ၄၃၇ | ၈၆၁ | ၁၀ | ၆၇ | ၆၀ | ၃၀ | ၁၆၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၂၄ | ၄၃၇ | ၈၆၁ | ၁၀ | ၆၇ | ၆၀ | ၃၀ | ၁၆၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• တံတားတည်ဆောက်ရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• တံတားနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြား ချက်များ ထားရှိပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

နောက်ဆက်တွဲ (၁)

## ပသီကျေးရွာအုပ်စု ၊ ပသီအရှေ့ကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးထွန်းဝေ | ဦးလှစိန် | ၁၂/တတန(နိုင်)၀၅၁၁၆၂ | ၅၆ | ဥက္ကဋ္ဌ | ၀၉-၇၈၆၇၁၁၀၄၅ |
| ၂။ | ဦးအောင်ခိုင် | ဦးမန်းနေထွန်း | ၁၂/တတန(နိုင်)၁၄၆၆၉၉ | ၄၆ | အတွင်းရေးမှူး | ၀၉-၄၄၈၈၄၁၀၁၉ |
| ၃။ | ဦးထွန်းလှ | ဦးစံခိုင် | ၁၂/တတန(နိုင်)၀၂၃၉၂၃ | ၅၃ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၅၆၇၉၄၉ |
| ၄။ | ဦးထွေးလှိုင် | ဦးဖိုးပေါ် | ၁၂/တတန(နိုင်)၀၅၀၇၈၈ | ၅၂ | စာရင်းကိုင် | ၀၉-၇၉၀၅၉၁၇၇၀ |
| ၅။ | ဒေါ်စန်းစန်းဝင်း | ဦးကျော်သိန်း | ကလန(နိုင်)၀၉၀၂၇၁ | ၄၇ | စာရင်းစစ်(၁) | ၀၉-၄၃၁၁၃၁၁၅၀ |
| ၆။ | ဒေါ်စိုးစိုးသန်း | ဦးလှကျော် | ၁၂/လပတ(နိုင်)၁၃၆၃၇၂ | ၅၂ | စာရင်းစစ်(၂) | ၀၉-၇၆၂၇၂၂၃၅၃ |
| ၇။ | ဒေါ်တင်တင် | ဦးရွှေဝင်း | ၁၂/တတန(နိုင်)၀၅၀၉၇၄ | ၄၇ | အဖွဲ့ဝင်(၁) | ၀၉-၄၄၁၆၄၈၀၁၃ |
| ၈။ | ဒေါ်စပယ်မွှန် | ဦးညီညီ | ၁၂/တတန(နိုင်)၁၂၇၇၁၆ | ၃၈ | အဖွဲ့ဝင်(၂) | ၀၉-၄၄၉၃၇၆၁၄ |
| ၉။ | ဦးမြစိုးအောင် | ဦးဖိုးပေါ် | ၁၂/တတန(နိုင်)၀၅၀၆၈၂ | ၅၈ | အဖွဲ့ဝင်(၃) | ၀၉-၇၈၁၆၈၉၉၇၅ |
| | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၂ | ၆ | ၁၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၈ | ၃၁ | ၅၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၀ | ၄၁ | ၈၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၄ | ၄၈ | ၁၀၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၁ | ၂၉၁ | ၅၇၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၂၀ | ၂၉ |
| **စုစုပေါင်း** | | **၄၂၄** | **၄၃၇** | **၈၆၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၆၇** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ပသီအရှေ့ကျေးရွာတွင် အိမ်ထောင်စု (၁၆၇) စု၊ လူဦးရေ (၈၆၁) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂.၀၉%)၊ ၅နှစ်အောက် ကလေးအရွယ် (၆.၈၅%)၊ မူလတန်းကျောင်းသားအရွယ် (၉.၄၁%)၊ အလယ်တန်း ကျောင်းသား အရွယ် (၁၁.၈၅%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၆.၄၃%)၊ သက်ကြီးရွယ်ကြီး အရွယ် (၃.၃၇%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၅.၂၅%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၄၂၄) ဦး၊ မ (၄၃၇) ဦး စုစုပေါင်း (၈၆၁) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၆.၄၃ %) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦး ရေများပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၀ | ၇၅ | - | မြင့်☑လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၅ | - | မြင့်☑လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၄၇ | မြင့် ☐ လတ် ☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐ လတ် ☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၁ | ၄၆ | ၁၁ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | ၂ | မြင့်☑လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐ လတ် ☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၅ | မြင့်☐လတ်☐နိမ့်☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၄ | မြင့်☐လတ်☐နိမ့်☑ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၅ | ၁ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၁၄ | မြင့်☑လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၇ | ၁ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၈ | ၅ | မြင့်☐လတ်☑နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐ နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | ၁ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၄ | ၁၀၄ | ၂၂ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၁၆၇ | ၂၆၉ | ၆၀ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား"

ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ပသီအရှေ့ကျေးရွာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး ပို့ဆောင်ရေး၊ ကုန်စုံနှင့်အရောင်းအဝယ် လုပ်ငန်းများလည်း လုပ် ကိုင်ကြပါသည်။

### (ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၄၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၁၅၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | – | ၆၀၀၀ | – |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | – | – | – | – |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | – | – | – | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | – | – | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | – | – | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ပသီအရှေ့ကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနား ရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အား စိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။

(ဂ)	သဘာဝရင်းမြစ်များ

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၄.၈၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၆၉ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၂ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၁၅.၈၀** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

